**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

Myanmar New Hope Agrotechnique Co., Ltd.မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာအုပ်စု၊ ဥဿာ (၉) ရပ်ကွက်၊ အထူးဇုန် (၁)၊ ဦးပိုင်အမှတ် (၄၆)၊ မြေဧရိယာ (၂.၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြက်သားပေါက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်

**(Environmental Compliance Certificate- ECC)**

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်**

**(Environmental Compliance Certificate- ECC)**

သက်သေခံလက်မှတ်အမှတ်။ ECC ( ၉၄၉ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင် ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | Mr. Gou Huayin<br>Promoter |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Myanmar New Hope Agrotechnique Co., Ltd.<br>ဦးပိုင်အမှတ် (၄၆)၊ အထူးဇုန် (၁)၊ ဥဿာ (၉) ရပ်ကွက်၊ ညောင်အင်းကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူး တိုင်းဒေသကြီး ၊ ဖုန်း ၀၉-၇၅၄၆၁၅၃၅၉ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ကြက်သားပေါက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏အရွယ်အစား** | - | မြေဧရိယာ (၂.၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ဦးပိုင်အမှတ် (၄၆)၊ အထူးဇုန် (၁)၊ ဥဿာ (၉) ရပ်ကွက်၊ ညောင်အင်းကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူး တိုင်းဒေသကြီး |
| (ဆ) | **ECC သက်တမ်း** | - | (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၁၇-၆-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၁၆-၆-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | - | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |
| (ဈ) | **အတည်ပြုအစီရင်ခံစာ** | - | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၂၀-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၈၀၁/၂၀၂၄) |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

၈.၈.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**Myanmar New Hope Agrotechnique Co., Ltd.မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြက်သားပေါက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ စီမံကိန်းအဆိုပြုသူမှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာအုပ်စု၊ ဥဿာ (၉) ရပ်ကွက်၊ အထူးဇုန် (၁)၊ ဦးပိုင်အမှတ် (၄၆)၊ မြေဧရိယာ (၂.၅) ဧကရှိမြေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြက်သားပေါက်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း အတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၂၀-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၈၀၁/၂၀၂၄)ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း OLIVE BRIGHT ENVIRONMENTAL SOLUTIONS LIMITED မှပြုစုပြီး အပြီးသတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Gou Huayin ၊ Promoter ၊ Myanmar New Hope Agrotechnique Co., Ltd.၊ ဦးပိုင်အမှတ် (၄၆)၊ အထူးဇုန် (၁)၊ ဥဿာ (၉) ရပ်ကွက်၊ ညောင်အင်းကျေးရွာအုပ်စု၊ ပဲခူး မြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူး တိုင်းဒေသကြီး ၊ ဖုန်း ၀၉-၇၅၄၆၀၅၃၅၉ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် မွေးမြူရေးခြံမှ မျိုးကြက်ဥများအား လက်ခံခြင်း၊ ပိုးသတ်ခြင်း၊ မျိုးကြက်ဥသိုလှောင်ခန်းတွင် အရည်အသွေး စစ်ဆေးခြင်း၊ အရည်အသွေးပြည့်မီသော ကြက်ဥများအား Incubator Room သို့ပို့ဆောင်ခြင်း၊ (၁၈) ရက် ကြာပြီးနောက် မီးအလင်းဖြင့် အရည်အသွေးစစ်ဆေးခြင်းနှင့် အခန်းပြောင်းရွှေ့ခြင်း၊ ကြက် သားဖောက်အခန်းတွင် (၃) ရက်ကြာထားရှိပြီး စုစုပေါင်း (၂၁) ရက်ကြာပြီးနောက် ကြက် သားပေါက်များ အကောင်ပေါက်လာခြင်း၊ ကြက်သားပေါက်များရွေးချယ်စစ်ဆေး၍ အကောင် (၈၀) စီ ထည့်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်တိုင်သယ်ယူစနစ်ဖြင့် ရောင်းချခြင်း တို့ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ရေအသုံးပြုရန်အတွက် စက်ရုံဝန်းအတွင်းရှိ အဝီစိတွင်း (၂) တွင်းမှ ရယူအသုံးပြုပြီး ကြက်သားပေါက်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်မှ တစ်ရက်လျှင် (၈,၀၀၀) ဂါလန်ခန့်သုံးစွဲကြောင်း၊ အထွေထွေသုံးရေအနေဖြင့် တစ်ရက် လျှင် (၂,၀၀၀) ဂါလန်ခန့်သုံးစွဲကြောင်း၊ သောက်သုံးရေအား ရေသန့်စနစ်ဖြင့်အသုံးပြု၍ ထောက်ပံ့ ပေးကြောင်း၊ လောင်စာဆီ လိုအပ်ချက်မှာ တစ်နေ့လျှင် ဒီဇယ်ဆီ (၅၃၀) လီတာခန့် အသုံးပြုမည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားအသုံးပြုမှုအနေဖြင့် အစိုးရ ဓာတ်အားလိုင်းမှ (1000) KVA ရှိ Transformer ဖြင့် ရယူအသုံးပြုကြောင်း၊ လျှပ်စစ်သုံးစွဲမှုအနေဖြင့် တစ်လလျှင် (၃၄,၀၀၀) ယူနစ်ခန့်ရှိကြောင်း၊ အရေးပေါ်မီးစက်အနေဖြင့် (625) KVA ရှိ ဂျင်နရေတာ (၂) လုံးဖြင့် အသုံးပြုမည်


ဖြစ်ကြောင်းနှင့် တစ်ရက်အတွက် ဒီဇယ်အသုံးပြုမှုမှာ (၁၅၀) ဂါလန်ခန့် ရှိကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာအုပ်စု၊ ဥဿာ (၉) ရပ်ကွက်၊ အထူးဇုန် (၁)၊ ဦးပိုင်အမှတ် (၄၆)၊ မြေဧရိယာ (၂.၅) ဧကပေါ်တွင် တည်ရှိပါသည်။


Myanmar New Hope Agrotechnique Co., Ltd.မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ညောင်အင်း ကျေးရွာအုပ်စု၊ ဥဿာ (၉) ရပ်ကွက်၊ အထူးဇုန် (၁)၊ ဦးပိုင်အမှတ် (၄၆)၊ မြေဧရိယာ (၂.၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြက်သားပေါက်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း၏ တည်နေရာပြမြေပုံ



**Myanmar New Hope Agrotechnique Co., Ltd.မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ညောင်အင်း ကျေးရွာအုပ်စု၊ ဦးသာ (၉) ရပ်ကွက်၊ အထူးဇုန် (၁)၊ ဦးပိုင်အမှတ် (၄၆)၊ မြေဧရိယာ (၂.၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြက်သားပေါက်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း၏ Layout Plan**



## Myanmar New Hope Agrotechnique Co., Ltd.မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ညောင်အင်း ကျေးရွာအုပ်စု၊ ဥဿာ (၉) ရပ်ကွက်၊ အထူးဇုန် (၁)၊ ဦးပိုင်အမှတ် (၄၆)၊ မြေဧရိယာ (၂.၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြက်သားပေါက်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း၏ Process Flow Chart



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ Myanmar New Hope Agrotechnique Co., Ltd.မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာအုပ်စု၊ ဥသာ (၉) ရပ်ကွက်၊ အထူးဇုန် (၁)၊ ဦးပိုင်အမှတ် (၄၆)၊ မြေဧရိယာ (၂.၅) ဧက ရှိမြေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြက်သားပေါက်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအတွက် ပဲခူးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၏ ၂၀-၃-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၈၀၁/၂၀၂၄)ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် မွေးမြူရေး ခြံမှ မျိုးကြက်ဥများအား လက်ခံခြင်း၊ ပိုးသတ်ခြင်း၊ မျိုးကြက်ဥသိုလှောင်ခန်းတွင် အရည်အသွေး စစ်ဆေးခြင်း၊ အရည်အသွေးပြည့်မီသော ကြက်ဥများအား Incubator Room သို့ပို့ပေးခြင်း၊ (၁၈) ရက် ကြာပြီးနောက် မီးအလင်းဖြင့် အရည်အသွေး စစ်ဆေးခြင်းနှင့် အခန်းပြောင်းရွှေ့ခြင်း၊ ကြက်သား ဖောက်အခန်းတွင် (၃) ရက်ကြာ ထားရှိပြီး စုစုပေါင်း (၂၁) ရက်ကြာပြီးနောက် ကြက်သားပေါက်များ အကောင် ပေါက်လာခြင်း၊ ကြက်သားပေါက်များရွေးချယ်စစ်ဆေး၍ အကောင် (၈၀) စီထည့်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်တိုင်သယ်ယူစနစ်ဖြင့် ရောင်းချခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကာဗွန်ထုတ်လုပ်မှုကို လျှော့ချရန်နှင့် လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် စက်ရုံတွင် အပင်များ စိုက်ပျိုးရန်၊

(၂) ဂျင်နရေတာများအား အချိန်အလိုက် ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား စီမံကိန်းတွင် မီးရှို့ခြင်းအား တားမြစ်ရန်၊

(၄) အမှုန်အမွှားများ ထူထပ်သောနေရာများတွင် အလုပ်သမားများအား နှာခေါင်းစည်း များ ထောက်ပံ့ပေးရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံရှိ ရေမြောင်းများနှင့် မိလ္လာစနစ်များအား ပိတ်ဆို့ခြင်းများမရှိစေရန်နှင့် ကောင်းမွန်စွာ စီးဆင်းနိုင်ရန်၊

(၂) မိလ္လာစနစ်များအား ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ လုပ်ဆောင်ရန်၊

(၃) စက်ရုံရေမြောင်းများအား အနံ့ဆိုးများ ထွက်ရှိမှုမရှိစေရန်နှင့် ပိတ်ဆို့ခြင်းများ မဖြစ်စေရန် သန့်ရှင်းရေးများ လုပ်ဆောင်ရန်၊

(၄) လုပ်ငန်းခွင်ရှိ ဆေးကြောသည့်လုပ်ငန်းမှ စွန့်ပစ်ရေများအား အချိန်တစ်ခု အတွင်း အနည်ထိုင်စေရန်အတွက် မြေအောက်အနည်စစ်ကန်အား ထားရှိရန်၊

(၅) မြေအောက်အရည်အသွေးအား ထိခိုက်မှုမရှိစေရန်နှင့် ရေစိမ့်ဝင်မှုမရှိစေရန် အတွက် စီမံကိန်းဧရိယာအတွင်း ကွန်ကရစ်များခင်းထားရန်၊

(၆) မိလ္လာစနစ်များအား ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ လုပ်ဆောင်ရန်၊

(၇) မြေအောက်အနည်စစ်ကန်မှာ စွန့်ပစ်ရေစီမံခန့်ခွဲမှုအတွက် အသုံးပြုရန်နှင့် အနည်စစ်ကန်မှ အနည်များအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပန့် ပါသော ယာဉ်များဖြင့် စုပ်ယူ၍ စွန့်ပစ်ရန်။

(င) **ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံလာသည့်နေရာအား တုန်ခါမှုလျော့နည်းစေသည့် ကိရိယာများ တပ်ဆင်ခြင်း သို့မဟုတ် ဆူညံသံမြင့်မားသည့် စက်ပစ္စည်းများအား အသံလုံသည့် စက်ပစ္စည်းများဖြင့် ဆူညံသံနည်းပါးအောင် အစားထိုး ဆောင်ရွက်ရန်၊

(၂) စက်ပစ္စည်းကိရိယာများနှင့် လေပေးစနစ်များအား ကောင်းမွန်အောင် လုပ်ဆောင် နိုင်ရန်အတွက် ပုံမှန်ပြုပြင်ခြင်းနှင့် စစ်ဆေးခြင်းများ လုပ်ဆောင်ရန်နှင့် ဆူညံသံလာရာ စက်ပစ္စည်းများမှ ပုံမှန်မဟုတ်သည့် ဆူညံသံထုတ်လွှတ်မှုများ အား လျှော့ချ လုပ်ဆောင်ရန်၊

(၃) အလုပ်သမားများအား နားကြပ်ကိရိယာများ တပ်ဆင်အသုံးပြုတတ်စေရေး အတွက် သင်တန်းများပေးရန်၊

(၄) အသံဆူညံမှုများအား အချိန်အလိုက် စောင့်ကြည့်စစ်ဆေးသွားရန်နှင့် လိုအပ် သလို ထိန်းညှိလုပ်ဆောင်ခြင်းများ ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းမှ ထွက်ရှိလာသော စွန့်ပစ်အမှိုက်များအား ယာယီ

အမှိုက် စွန့်ပစ်သည့်နေရာတွင် စုပုံထားရှိရန်၊

(၂) အလုပ်သမားများအသုံးပြုရာမှ ထွက်ရှိလာသော စွန့်ပစ်အမှိုက်များအား အမှိုက်ပုံးများဖြင့် သိမ်းဆည်းထားရှိရန်၊

(၃) အလုပ်သမားများအသုံးပြုရာမှ ထွက်ရှိလာသည့် အထွေထွေသုံးစွန့်ပစ်ပစ္စည်းများအား ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။

(ဆ) **အနံ့ဆိုးများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနံ့ထုတ်လွှတ်မှုအား လျှော့ချရန်အတွက် စွန့်ပစ်ပစ္စည်းများ သိုလှောင်သည့်နေရာနှင့် စုပုံသည့်နေရာအား အဖုံးများဖုံးအုပ်ထားခြင်း သို့မဟုတ် ပိတ်ထားခြင်းများ ဆောင်ရွက်ရန်၊

(၂) စက်ပစ္စည်းများအား သန့်ရှင်းခြင်းနှင့် စက်ကိရိယာများမှ ကူးစက်မှုများမရှိစေရန် လေပေးစနစ်များနှင့် အပူချိန်များအား ပြုပြင်ထိန်းသိမ်းခြင်းများ လုပ်ဆောင်ခြင်းဖြင့် ကောင်းမွန်သန့်ရှင်းသော အလေ့အထများ လုပ်ဆောင်ရန်၊

(၃) အလုပ်သမားများအား အနံ့ထွက်ရှိရာနေရာနှင့် သက်ရောက်မှုများအား သိရှိစေရန် သင်ကြားပေးခြင်းနှင့် လေ့ကျင့်ပေးခြင်းများ လုပ်ဆောင်ရန်၊

(၄) အနံ့ထွက်ရှိမှုအား 10 ppm ထက် ကျော်လွန်ခြင်းမရှိအောင် လုပ်ဆောင်ရန်။

(ဇ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) အလုပ်သမားများအား ရှေးဦးသူနာပြုသင်တန်းများ၊ မီးငြိမ်းသတ်ရေးသင်တန်းများ၊ လုပ်ငန်းခွင်ဘေးကင်းရေးသင်တန်းများ သို့မဟုတ် အရေးပေါ်ကိစ္စရပ်များအတွက် အခြားလိုအပ်သော စက်ပိုင်းဆိုင်ရာသင်တန်းများအား လုပ်ဆောင်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း အလုပ်သမားများ ဘေးကင်းစွာလုပ်ကိုင်နိုင်ရန်နှင့် မျက်စိထိခိုက်မှုအား လျှော့ချနိုင်ရန်အတွက် စီမံကိန်းအဆိုပြုသူမှ အလင်းရောင်လုံလောက်စွာ ရရှိစေရန် လုပ်ဆောင်ရန်၊

(၃) အလုပ်သမားတစ်ဦးချင်းစီအား တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPE) များကဲ့သို့သော ပစ္စည်းများအား လုပ်ငန်းတစ်ခုချင်းစီအလိုက် ထောက်ပံ့ပေးရန်၊

(၄) လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းမှ ကာကွယ်ရန်အတွက် လျှပ်စစ်ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများအား နေ့စဉ်စစ်ဆေးမည်ဖြစ်ကြောင်းနှင့် ကာကွယ်ရေးအစီအမံများ လုပ်ဆောင်ရန်၊

(၅) အလုပ်သမားများ၏ ကျန်းမာရေးအတွက် စက်ရုံရှိ ရေမြောင်းစနစ်များအား

ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၆) လုပ်ငန်းလည်ပတ်ချိန် (၈) နာရီအတွင်း အလုပ်သမားများအတွက် အသံဆူညံမှု အမြင့်ဆုံးခွင့်ပြုမှုမှာ (70) dBA ဖြစ်ပြီး အသံဆူညံမှုမြင့်မားသော နေရာများတွင် အလုပ်သမားများအား အသံဆူညံမှုကာကွယ်ရန်အတွက် နားတပ်ကိရိယာများ တပ်ဆင်ပေးရန်၊

(၇) အလုပ်သမားများ အရေးပေါ်အခြေအနေဖြစ်ပွားပါက ကုသရန်အတွက် ရှေးဦးသူနာပြုဆေးသေတ္တာထားရှိပေးရန်။

(ဈ) **မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးဆိုင်ရာအရေးပေါ်ကိစ္စရပ်များအတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်ခွေများနှင့် မီးသတ်ရေပိုက်ခေါင်းများအား စက်ရုံ၏ နံရံများပေါ်တွင် တပ်ဆင်ထားရန်၊

(၂) အရေးပေါ်ထွက်ပေါက်နှင့် လူစုဝေးရာနေရာတို့အား လမ်းညွှန်ပြသထားရန်၊

(၃) မီးငြိမ်းသတ်ရေးပစ္စည်းများအား ပုံမှန်စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် မီးဘေးကာကွယ်ရန်အတွက် မီးသတ်ရေလှောင်ကန်အား ထားရှိသွားရန်၊

(၄) မီးဘေးအန္တရာယ်ဖြစ်ပွားပါက အလုပ်သမားများ သတိပြုမိစေရန်အတွက် အချက်ပြ စနစ်များ တပ်ဆင်သွားရန်၊

(၅) စက်ရုံဝင်ပေါက်နှင့် အရေးပေါ်အခြေအနေဆိုင်ရာ လမ်းကြောင်းများတွင် မီးဘေးဆိုင်ရာ အရေးပေါ်အခြေအနေများဖြစ်ပွားပါက အရာဝတ္ထုများ၊ စက်ပစ္စည်းများ ပိတ်ဆို့မှုမရှိစေရန်။

(ည) **စွန့်ပစ်ရေစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်အရည်များ၌ ပါဝင်သော အနည်အနှစ်များ၊ ဆီများနှင့် အခြားပါဝင်မှုများအား အကြိုသန့်စင်ခြင်းနည်းနှင့် ဖယ်ရှားခြင်းဖြင့် BOD ပမာဏများနေခြင်းအား လျော့နည်းအောင် လုပ်ဆောင်ရန်နှင့် ကလိုရင်း၊ အောက်ဆီဂျင်နှင့် ဓာတ်ပြုသည့် အော်ဂဲနစ်ပစ္စည်းများထည့်ခြင်းဖြင့်လည်း BOD ပမာဏများနေခြင်းအား လျော့နည်းအောင် လုပ်ဆောင်ရန်၊

(၂) စွန့်ပစ်ရေစီမံခန့်ခွဲရန်အတွက် (၁၆ x ၁၀ x ၁၀) ပေရှိ (၁၀,၀၀၀) ဂါလန်ဆံ့ မြေအောက်စွန့်ပစ်ရေ အနည်ထိုင်ကန်အား ဆောင်ရွက်ထားရှိရန်နှင့် စွန့်ပစ်ရေများအား ထိန်းသိမ်းထားချိန်မှာ (၄ နာရီမှ ၈ နာရီ) အထိ ဆောင်ရွက်ရန်၊

(၃) အနည်ထိုင်ကန်မှ ထွက်ရှိလာသော အနည်အနှစ်များအား ပဲခူးမြို့နယ်စည်ပင်

သာယာရေးအဖွဲ့မှ နှစ်စဉ် တစ်နှစ်လျှင် (၁) ကြိမ် ပန့်ပါသောယာဉ်ဖြင့် စုပ်ယူ၍ စွန့်ပစ်ရန်၊

(၄) စွန့်ပစ်ရေအရည်အသွေးအား ပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များ၊ ပုံမှန်စံနှုန်းများဖြင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ထိန်းချုပ်ခြင်းများ လုပ်ဆောင်ရန်၊

(၅) ကြမ်းပြင်သန့်ရှင်းခြင်းကဲ့သို့သော ထွက်ရှိလာသည့် ရေများအား ပြန်လည်အသုံးပြုရန်၊ အဆိုပါအသုံးပြုခြင်းကြောင့် ရေသန့်အသုံးပြုမှုအား လျှော့ချရန်နှင့် ရေအပူထွက်ရှိမှုများအား လျှော့ချရန်၊

(၆) စွန့်ပစ်ရေများအား ရေအေးဖြင့်ရောစပ်၍ ရေအပူချိန်လျော့နည်းအောင် လုပ်ဆောင်ရန်၊

(၇) ရေအပူချိန်အား ပုံမှန်စစ်ဆေးခြင်းနှင့် လုပ်ငန်းလည်ပတ်သည့် စက်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းခြင်းဖြင့် အပူထုတ်လွှတ်မှုကို လျှော့ချရန်။

(ဠ) **ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား ရုပ်ပိုင်းဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာ၊ ဇီဝဆိုင်ရာအခြေအနေများအပေါ်မူတည်၍ မီးလောင်နိုင်ခြင်း၊ အဆိပ်ဖြစ်နိုင်ခြင်း၊ ပွန်းပဲ့ထိခိုက်နိုင်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့် ကူးစက်တတ်ခြင်းစသည့် အခြေအနေများအား အမျိုးအစားနှင့် အဆင့်အတန်း ခွဲခြားထားရန်၊

(၂) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား ရောနှောခြင်း၊ ယိုစိမ့်ခြင်း၊ ဖိတ်စင်ခြင်း ထိတွေ့ခြင်းနှင့် မီးဘေးအန္တရာယ်များမှ ကာကွယ်ရန်အတွက် သင့်လျော်သော ပုံးများဖြင့် အမှတ်အသားများကပ်၍ သီးခြားစီသိမ်းဆည်းကာ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရန်၊

(၃) ဓာတ်ခွဲခန်းမှထွက်ရှိသော ကာကွယ်ဆေး ပုလင်းခွံများအား ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်ချိတ်ဆက်၍ စွန့်ပစ်ရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်မှုများအား ခြေရာကောက်နိုင်ရန်နှင့် တာဝန်ခံမှုများရှိစေရန် မှတ်တမ်းထားရှိခြင်းနှင့် အစီရင်ခံခြင်းများအား လုပ်ဆောင်ရန်၊

(၅) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များအား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တွက်ချက်ခြင်းများလုပ်ဆောင်၍ အမျိုးအစားအလိုက် ပြဿနာများနှင့် လစ်ဟာမှုများမရှိစေရန် မှန်ကန်သည့် လုပ်ဆောင်မှုများ သို့မဟုတ် တိုးတက်မှုများရှိအောင် လုပ်ဆောင်ရန်။

(ဍ) **စွမ်းအင်သုံးစွဲမှုစီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပူအအေးထိန်းညှိရန်အတွက် အချိန်ပြကိရိယာများနှင့် အပူချိန်ညှိကိရိယာများအား တပ်ဆင်ရန်၊

(၂) စွမ်းအင်ချွေတာရန်အတွက် စွမ်းအင်ချွေတာသည့် မီးလုံးများအား စက်ရုံတွင် တပ်ဆင်ရန်၊

(၃) စွမ်းအင်ချွေတာသည့် ကိရိယာများအား တပ်ဆင်အသုံးပြုရန်၊

(၄) အသုံးမပြုသည့်အချိန်တွင် စက်ပစ္စည်းကိရိယာများနှင့် မီးသုံးစွဲမှုများအား ပိတ်ထားရန်။

(၃) **အရေးပေါ်တုံ့ပြန်မှုနှင့် ဘေးကင်းရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံစီမံခန့်ခွဲရေးမှ မီးဘေး၊ ငလျင်ဘေး၊ ရေကြီးခြင်းနှင့် မုန်တိုင်းကဲ့သို့သော အရေးပေါ်ကိစ္စရပ်များအား ကိုင်တွယ်ရန်အတွက် သင့်လျော်သော အစီအမံများ လုပ်ဆောင်ရန်၊

(၂) စက်ရုံရှိ အလုပ်နေရာများအားလုံးတွင် မီးငြိမ်းသတ်ရေးကိရိယာများနှင့် မီးသတ်ရေပိုက်ခေါင်းများအား တပ်ဆင်ခြင်းနှင့် စစ်ဆေးခြင်းများ လုပ်ဆောင်ရန်၊

(၃) အရေးပေါ်အခြေအနေအတွက် (မီးဘေးအတွက် ထွက်ပေါက်၊ အရေးပေါ်တံခါးထွက်ပေါက်) စသည်ဖြင့် အသေးစိတ်အစီအမံများအတွက် တွက်ချက်လုပ်ဆောင်ခြင်းနှင့် အလုပ်သမားများနှင့်လည်း ဆက်သွယ်ဆောင်ရွက်မှုများ လုပ်ဆောင်ရန်၊

(၄) လေဖိအားသုံးပစ္စည်းများနှင့် စက်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အချိန်အလိုက် စစ်ဆေးမှုများနှင့် ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်ရန်နှင့် အလုပ်သမားများအား လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်သော သင်တန်းများအား လိုအပ်သလို ပို့ချသွားရန်၊

(၅) မီးငြိမ်းသတ်ရေးလေ့ကျင့်မှုများအား ပုံမှန်လုပ်ဆောင်သွားရန်၊

(၆) အလုပ်သမားများအား ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များအတွက် ဘေးကင်းသည့်နေရာများ (စားပွဲခုံအောက်ဝင်၍ နေထိုင်စေခြင်း) စသည်ဖြင့် မည်သို့ပြုမူနေထိုင်ရမည်ကို အသိပေးအကြောင်းကြားမည်ဖြစ်ကြောင်းနှင့် ငလျင်လှုပ်ခတ်နေစဉ်အတွင်း အလုပ်သမားများ အဆောက်အဦ အပြင်ဘက်နှင့် သစ်ပင်အောက်စသည်ဖြင့် ရောက်ရှိမနေစေရန် လုပ်ဆောင်ရန်နှင့် အခြားသော အရေးပေါ်ကိစ္စရပ်များအတွက် အလုပ်သမားများအား သင်တန်းများ ပို့ချရန်၊

(၇) ရေလွှမ်းမိုးခြင်း (မုန်တိုင်းအပျက်အစီးများ၊ ရေနုတ်မြောင်းများပွင့်နေခြင်း၊ မြေဆီလွှာတိုက်စားခြင်း)၊ မြွေကဲ့သို့သော တွားသွားသတ္တဝါများနှင့် အခြားတိရစ္ဆာန်များစသည့် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်များအား အလုပ်သမားများ သိရှိနားလည်နိုင်စေရန် လုပ်ဆောင်ရန်၊

(၈) အရေးပေါ်ကုသခြင်းလုပ်ငန်းများ (ရှေးဦးသူနာပြုခြင်းလုပ်ငန်း) အတွက် ဆေးအဖွဲ့ အား ပြင်ဆင်ထားရှိရန်၊

(၉) အရေးပေါ်ကိစ္စရပ်များအတွက် အနီးအနားရှိ မီးသတ်ဦးစီးဌာန၊ ရဲစခန်း၊ ဆေးရုံစသည် တို့၏ ဖုန်းနံပါတ်များအား တိုက်ရိုက်ဆက်သွယ်နိုင်ရန်အတွက် လူအများ မြင်သာသည့် နေရာတွင် ထားရှိရန်၊

(၁၀) အလုပ်သမားများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ မီးဘေးလုံခြုံရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးတို့အတွက် သင့်လျော်သလို သင်တန်းများ ပို့ချရန်။

(ဃ) **အများပြည်သူကျန်းမာရေးနှင့် ဘေးကင်းရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သင့်လျော်သော လေပေးစနစ်များနှင့် စစ်ထုတ်သည့်ကိရိယာများ၊ အသံလုံသည့် ပစ္စည်းများအား အသုံးပြုရန်၊

(၂) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာ စည်းမျဉ်းများ၊ စံနှုန်းများနှင့်အညီ ကောင်းမွန်သော စီမံခန့်ခွဲမှုများဖြင့် လုပ်ဆောင်ရန်။

(င) **ရေသုံးစွဲမှုစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေသုံးစွဲမှုများကို ထိန်းချုပ်ရန်အတွက် စီမံကိန်းလုပ်ငန်း၌ ရေမီတာများ တပ်ဆင်ရန်၊

(၂) အလုပ်သမားများအား အိမ်သာများနှင့် စက်ရုံရှိ အခြားနေရာများတွင် ရေသုံးစွဲမှုများအတွက် သင်တန်းများပေးခြင်းနှင့် ထိန်းသိမ်းတတ်စေရေး အလေ့အကျင့်ကောင်းများအား လုပ်ဆောင်တတ်စေရန်၊

(၃) ဆီနှင့် လောင်စာသုံး စက်ပစ္စည်းများအသုံးပြုရာတွင် ရေညစ်ညမ်းမှုမဖြစ်စေရန် သင့်လျော်သလိုစီမံ၍ ရှောင်ရှားလုပ်ဆောင်ရန်။

(စ) **ဇီဝလုံခြုံမှုစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကြက်သားဖောက်သည့်နေရာ အဝင်အထွက်များအား ထိန်းချုပ်လုပ်ဆောင်ရန်၊

(၂) စက်ရုံသို့ အဝင်အထွက်ပြုလုပ်သော ယာဉ်များအား ရောဂါကူးစက်မှု မရှိအောင် လုပ်ဆောင်ရန်၊

(၃) ကြွက်များမှ ကူးစက်ရောဂါမဖြစ်ပွားစေရန်အတွက် ကာကွယ်ရေးအစီအမံများကို လုပ်ဆောင်ရန်၊

(၄) ကာကွယ်ရေးဝတ်စုံများနှင့် ပစ္စည်းကိရိယာများအား ဝတ်ဆင်လုပ်ကိုင်ရန်၊

(၅) အဆောက်အဦများ၊ ပစ္စည်းကိရိယာများ၊ သယ်ယူပို့ဆောင်ရေးယာဥ်များအား သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ပိုးသတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်ရန်၊

(၆) ကြက်သားပေါက်များအား ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန်အတွက် ကာကွယ်ဆေးထိုးခြင်း အစီအစဥ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၇) ကြက်သားပေါက်များ၏ ကျန်းမာရေးအား စောင့်ကြည့်စစ်ဆေးသွားရန်။

(ထ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဥ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံအရည်အသွေး၊ စွန့်ပစ်ရေအရည်အသွေးနှင့် အနံ့အရည်အသွေးတို့ကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၂) ရေအရည်အသွေး၊ မြေအောက်ရေအရည်အသွေး၊ အရေးပေါ်တုံ့ပြန်ရေးအစီအစဥ်တို့ကို တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၃) အစိုင်အခဲစွန့်ပစ်ပစ္စည်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးတို့အား အပတ်စဥ် စောင့်ကြည့်စစ်ဆေးရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း၊ စွမ်းအင်စီမံခန့်ခွဲမှု၊ ရေသုံးစွဲမှုနှင့် မီးဘေးတို့အား လစဥ် စောင့်ကြည့်စစ်ဆေးရန်၊

(၅) အများပြည်သူကျန်းမာရေးနှင့် ဘေးကင်းရေးအား နှစ်စဥ် စောင့်ကြည့်စစ်ဆေးရန်၊

(၆) စောင့်ကြပ်ကြည့်ရှုမည့်အစီရင်ခံစာအား တစ်နှစ်လျှင် (၂) ကြိမ် လုပ်ဆောင်ရန်၊

(၇) လေအရည်အသွေး၊ ဆူညံသံအရည်အသွေးတို့ကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ (၆)လ (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၈) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးအား အပတ်စဥ် စောင့်ကြည့်စစ်ဆေးရန်၊

(၉) အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား (၆)လ (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်။

(ဒ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့်

စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဓ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(န) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထား ရန်ပုံငွေ (၁၇,၀၀၀,၀၀၀) ကျပ် သုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် စီမံကိန်းလည်ပတ်ခြင်းကာလအတွင်း လျာထား ရန်ပုံငွေ (၁၄,၀၀၀,၀၀၀) ကျပ်နှင့် စီမံကိန်းဖျက်သိမ်းခြင်းကာလအတွင်း လျာထား ရန်ပုံငွေ (၁,၉၀၀,၀၀၀) ကျပ် သုံးစွဲရန်၊

(၃) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂) % မှ ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် (၂၀,၀၀၀,၀၀၀) ကျပ်အား သုံးစွဲရန်။

(ပ) **လုပ်ငန်းပိတ်သိမ်းခြင်း။** လုပ်ငန်းပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်

စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးခြင်း ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး

(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကိုလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဓ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း

ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(၁၀) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(၁၁) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(၁၂) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသား

ဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော် ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည်သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက် စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက

ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ

လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက် မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံး စရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်

တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---